

# မူလတန်းအကြို ပညာရေးနှင့် စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ နှင့် သင့်ကလေး အကျွမ်းဝင်စေရန် ပံ့ပိုးခြင်း

BURMESE

မူလတန်းအကြို ပညာရေးတွင် အပြုသဘောဆောင်သည့် စတင်မှုသည် အရေးကြီးသည်။ သင်နှင့် သင့်မိသားစုသည် ကြိုဆိုမှု၊ ဘေးကင်းမှုနှင့် ပံ့ပိုးမှုကို ခံစားမိရန် အရေးကြီးသည်။ ဝန်ဆောင်မှု၏ ပထမဆုံးရက်များတွင် သင့်ကလေးက အခြားကလေးများကို သိကျွမ်းပြီး သူတို့၏ ဆရာများ၊ ဆရာမများနှင့် အခြားမူလတန်း အကြို ပညာရှင်များအပေါ် ယုံကြည်သော ဆက်နွယ်မှုတစ်ခု စတင်ဖြစ်ပေါ်ရန် ဦးစားပေးပါမည်။

ဗစ်တိုးရီးယားပြည်နယ်ရှိ မူလတန်းအကြို ပညာရေးနှင့် စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများကို *ဗစ်တိုးရီးယားပြည်နယ်သူ၊ ပြည်နယ်သား မူလတန်းအကြို သင်ယူရေးနှင့် တိုးတက်ရေး မူဘောင် (Victorian Early Years Learning and Development Framework)* (VEYLDF) ဖြင့် လမ်းညွှန်ထားသည်။ ဤမူဘောင်သည် ကလေးများ၏ 'မိမိမည်သူမည်ဝါဖြစ်ကြောင်း ခံယူမှုနှင့် သူတို့၏ မိသားစုနှင့် ယဉ်ကျေးမှုဆိုင်ရာ သမိုင်းကြောင်းများက သူတို့၏ သင်ယူမှုနှင့် တိုးတက်မှုကို ပုံဖော်ကြောင်း ဆရာ၊ ဆရာမများအား အသိပေးသည်။ ကလေးများသည် ပညာရှင်များက သူတို့၏ တစ်မူထူးခြားသော ကိုယ်ပိုင်ခံယူချက်ကို လေးစားပြီး အသိအမှတ်သည့်အခါ ကြိုဆိုမှုကို ခံစားရပြီး အကောင်းဆုံး သင်ယူသည်' (VEYLDF, 2016, pg. 12)။ ဤသို့နားလည်ထားခြင်းအားဖြင့် သင်နှင့် သင့်ကလေးကို သူတို့၏ မူလတန်းအကြို ပညာရေးနှင့် စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုအသစ်နှင့် မိတ်ဆက်ပေးပြီး အသားကျအောင်လုပ်နိုင်ရန် ဤကာလအတွင်း ပံ့ပိုးပေးရာ၌ ပညာသင်ကြားပေးသူများ၏ ချဉ်းကပ်နည်းကို ခိုင်မာစေသည်။

မူလတန်းအကြို ပညာရေးနှင့် စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများသည် ဆရာ၊ ဆရာမများနှင့် မိသားစုများအကြား ပူးပေါင်းဆောင်ရွက်မှုများကို အရည်အသွေးမီ အစီအစဉ်၏ အုတ်မြစ်အဖြစ် မှတ်ယူသည်။ အစကနဦးကတည်းက လေးစားမှုရှိသော ဆက်နွယ်မှုများသည် အရည်အသွေးမြင့် ဝန်ဆောင်မှုအတွက် ခိုင်မာသော ညွှန်ကိန်းတစ်ခု ဖြစ်သည်။ သင်သည် ပညာသင်ကြားပေးသူများအား နွေးထွေးကြိုဆိုမှုရှိပြီး သင့်မိသားစုသုံး ဘာသာစကား[များ] အသုံးပြုမှုကို အားပေးမည်ဟု မျှော်လင့်နိုင်သည်။

ဝန်ဆောင်မှုများက သင့်အနေနှင့် သင့်လျော်စွာ အသိပေးခံရပြီး သင် သက်သောင့်သက်သာအရှိဆုံး ဘာသာစကားဖြင့် မေးခွန်းများ မေးနိုင်ရန်နှင့် နောက်ထပ် အချက်အလက်များ တောင်းဆိုနိုင်ရန် တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှုကို သင့်အား ပံ့ပိုးပေးနိုင်သည်။ ထို့ပြင် သင့်မိသားစုသုံး ဘာသာစကား ပြောဆိုသည့် ကူညီပေးသူတစ်ဦးကို သင့်ကလေးနှင့် ဝန်ဆောင်မှုအကြား ချိတ်ဆက်မှုလုပ်နေစဉ်နှင့် သက်ဆိုင်မှုရှိကြောင်း ခံစားချက်ကို ပျိုးထောင်ပေးနေချိန် ကာလတိုအတွင်း ရရှိကောင်း ရရှိနိုင်မည်။

အရည်အသွေးမီ မူလတန်းအကြို ပညာရေးတွင် မိသားစုများသည် 'ကလေးများ၏ သင်ယူမှုနှင့် တိုးတက်မှုအပေါ် အဓိက လွှမ်းမိုးမှု' ဖြစ်သည်ဟု မှတ်ယူထားသည် (VEYLDF, 2016, pg. 9)။ ဆရာ၊ ဆရာမများသည် မူလတန်းအကြို အစီအစဉ်တွင် မိသားစု၏ ကြိုးပမ်းအားထုတ်မှုနှင့် ပါဝင်မှုကို တန်ဖိုးထားပြီး ထိုသို့ပြုလုပ်ပေးရန်လည်း တောင်းဆိုပါသည်။ ၎င်းသည် ဆရာ၊ ဆရာမများ၏ အလေ့အကျင့်ကို အသိပေးရုံသာမက ကလေးများကိုလည်း သူတို့၏ ပညာရေးနှင့် စောင့်ရှောက်မှုဆိုင်ရာ ပတ်ဝန်းကျင်များ၊ အိမ်ပတ်ဝန်းကျင်များရှိ လူများနှင့် ယုံကြည်မှု၊ ဘေးကင်းလုံခြုံမှုနှင့် ချိတ်ဆက်မှု ကောင်းမွန်လာစေပြီး သင်ယူမှုရလဒ်များကို မြှင့်တင်ပေးသည်။ မိသားစုများကိုလည်း ဝန်ဆောင်မှုတွင် ပါဝင်၍ ကနဦးအတန်းများတွင် လာရောက်ရှိနေပေးရန် တိုက်တွန်းထားသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် သင့်ကလေးအား လုံခြုံမှုကို ခံစားရစေပြီး၊ ဝန်ဆောင်မှုတွင် သင်မပါဘဲ သင့်ကလေးသာ ရှိနေချိန်တွင် ဖြစ်ပျက်မည့်အရာကို သင် နားလည်လာပါမည်။

သင်၏ မူလတန်းအကြို ဝန်ဆောင်မှုတွင် သင်နှင့် သင့်ကလေးအား ဝန်ဆောင်မှုများနှင့် ရင်းနှီးလာစေမည့် မိတ်ဆက် အစီအစဉ်တစ်ခု ရှိပါမည်။ ၎င်းတွင် အောက်ပါတို့ ပါဝင်နိုင်သည်-

- တရားဝင် ကျောင်းစမတက်ခင် သင့်ကလေးနှင့်အတူ ဝန်ဆောင်မှုကို သွားရောက်လေ့လာခြင်း
- သင်နှင့် သင့်ကလေး သက်သောင့်သက်သာ ရှိစေရန် တိုတောင်းသော အတန်းချိန်များဖြင့် စတင်၍ ပိုကြာသော အတန်းချိန်များအဖြစ် တိုးသွားခြင်း။

*fka* Children's Services
18 Harper Street, Abbotsford VIC 3067
03 9428 4471 | fkacs@fka.org.au
www.fka.org.au | Facebook @FKACS

သင်၏ မူလတန်းအကြို ဆရာ၊ ဆရာမများက သင်နှင့်အတူ အချိန်ကုန်ဆုံး၍ သင်နှင့်သင့်ကလေးအကြောင်း မေးခွန်းအချို့မေးပါမည်။ ဤသို့ပြုလုပ်ခြင်းဖြင့် သူတို့သည် သင့်ကလေး၏ လိုအပ်ချက်များကို ပိုမိုနားလည်နိုင်ပြီး သင့်ကလေးအတွက် သင်ယူမှု အခွင့်အရေးများနှင့် ရလဒ်ကောင်းများ အများဆုံး ရှိစေမည့် အစီအစဉ်တစ်ခု ဖန်တီးရာတွင် အထောက်အကူပြုပါသည်။

မူလတန်းအကြို ဝန်ဆောင်မှုများက သင့်အား သူတို့နှင့် မျှဝေရန် တောင်းဆိုနိုင်သည့် အချက်အလက် ဥပမာများမှာ-

- ကလေးများ၏ ကျန်းမာရေးနှင့်ဆိုင်သည့် အချက်အလက်များ – ကာကွယ်ဆေးထိုးနှံထားမှု မှတ်တမ်းများ၊ ဆေးကုသမှုဆိုင်ရာ လိုအပ်ချက်များ၊ ဖျားနာမှုများ သို့မဟုတ် ဓာတ်မတည့်မှုများ။
- အနီးလဲပေးစေလိုသည့် အချက်များ၊ အိမ်သာတက်ရာတွင် လုပ်ဆောင်စေလိုသည့်အချက်များနှင့် အိမ်တွင်း အလေ့အကျင့်များ။
- ကလေးများစားသည့် အစားအစာများ၊ အစာစားချိန် အလေ့အထများ/အချိန်ဇယားများ။
- ကလေးများ၏ အနားယူရန်/အိပ်စက်ရန် လိုအပ်ချက်များ။
  - ကလေးတွေက ကလေးကုတင်၊ ကိုယ်ပိုင် အိပ်ရာမှာ အိပ်သလား သို့မဟုတ် မိဘနှင့်အတူတူ အိပ်သလား။
  - သူတို့ကို သက်သောင့်သက်သာဖြစ်စေမည့် သီချင်းတွေက ဘာတွေလဲ။
  - သူတို့မှာ အကြိုက်ဆုံးစာအုပ်၊ အထူး အရုပ် သို့မဟုတ် စောင် ရှိသလား။
  - သူတို့က နေ့ခင်းပိုင်းတွင် ပုံမှန်အားဖြင့် မည်မျှကြာ အနားယူ/အိပ်စက်ကြသလဲ။
- သင့်မိသားစုအတွက် မည်သည့်အခမ်းအနားများနှင့် ရိုးရာဓလေ့များက အရေးကြီးသလဲ။
- ဆရာ၊ ဆရာမများသည် သင် သူတို့နှင့် မျှဝေလိုသော မည်သည့်အချက်အလက်ကိုမဆို သိလိုပါသည်။
- ဆရာ၊ ဆရာမများအတွက် သင့်ကလေးနှင့် ထိတွေ့ဆက်ဆံရာတွင် အထောက်အကူဖြစ်စေမည့် အချက်အလက်များလည်း သင့်တွင်ရှိပါမည်။

### သင့်ကလေးအား မူလတန်းအကြို ဝန်ဆောင်မှုတွင် အသားကျစေရန် ပံ့ပိုးပေးနိုင်သော အခြားနည်းလမ်းများ

- ဝန်ဆောင်မှုတွင် သင့်ကလေးနှင့် အချိန်ကုန်ဆုံးပါ – သင့်ကိုယ်ပိုင်ဘာသာစကားကို သုံး၍ သင့်ကလေးအား ဝန်ဆောင်မှု အချိန်ဇယားများကို ရှင်းပြပါ၊ ကစားပါ၊ ပုံပြင်များ ဖတ်ပါ၊ သီချင်းဆိုပါ။
- အခြားကလေးများနှင့် ဆက်သွယ်ရန် ပံ့ပိုးပေးပါ။ ဤသို့ပြုလုပ်ရာတွင် ကလေးများအား အခြားသူများ၏ ဘေးတွင် ထိုင်ရန် အားပေးခြင်း၊ အခြားကလေးများနှင့် သင်တို့ကိုယ်တိုင် မိတ်ဆက်ခြင်း၊ လှုပ်ရှားမှုများနှင့် ဂိမ်းများတွင် ပါဝင်ခြင်းတို့ကို လုပ်ဆောင်နိုင်သည်။
- သင့်ကလေးနှင့် တူညီသော ဘာသာစကားပြောသည့် အခြားသူများနှင့် စကားပြောရန် အချိန်ပေးပါ။
- သင့်ကလေးနှင့် သူတို့ တွေ့ကြုံခံစားနေရသည့် အရာများအကြောင်း ပြော၍ အားပေးပါ။
- သင့်ကလေးအား သူတို့ကို ပညာသင်ကြားပေးသူများကို အမည်နှင့်တကွ သိစေရန်နှင့် အကူအညီလိုအပ်ပါက သူတို့ထံ သွားရောက်နိုင်ကြောင်း သိစေရန် လုပ်ဆောင်ထားပါ။ ဆရာ၊ ဆရာမများ၏ အမည်များကို သင်နှင့်အတူ အပြောကျင့်ရန်နှင့် အကူအညီတောင်းခြင်းကို လေ့ကျင့်ရန် သူတို့အား အခွင့်အရေးများ ပေးပါ။
- မထွက်ခွာမီ အမြဲ နှုတ်ဆက်စကားပြော၍ မကြာမီ သင်ပြန်လာမည်ဖြစ်ကြောင်း သင့်ကလေးအား သေချာပြောပါ။ သင်မထွက်ခွာမီ သင့်ကလေးအား ဆရာ၊ ဆရာမတစ်ဦး နှင့်/သို့မဟုတ် အခြားကလေးများနှင့် လှုပ်ရှားမှုတစ်ခုတွင် ပါဝင်စေခြင်းသည် အကြံကောင်းတစ်ခု ဖြစ်သည်။
- ကလေးများ ကျောင်းမတက်ခင်ညတွင်/မနက်တွင် ဝန်ဆောင်မှု၏ အချိန်ဇယားများနှင့် ပတ်ဝန်းကျင်အကြောင်းကို ကလေးများနှင့် ဆွေးနွေးခြင်းဖြင့် သူတို့အား မေးခွန်းများမေးရန် အခွင့်အရေးပေး၍ သူတို့တွင် ရှိနိုင်သည့် စိုးရိမ်ပူပန်မှုများကို သင့်အနေနှင့် ဖြေဆိုပေးပါ။
- သင်ဝန်ဆောင်မှုယူထားချိန်တွင် သင့်ကလေး၏ ဆရာများနှင့် ပညာသင်ကြားပေးသူများသည် သင်နှင့် သင့်ကလေးအား ပံ့ပိုးရန် ရှိနေကြောင်း သတိရပါ။

---

#### ကိုးကားချက်များ

ပညာရေးနှင့် လေ့ကျင့်ရေးဌာန၊ 2016။ *ဗစ်တိုးရီးယားပြည်နယ်သူ၊ ပြည်နယ်သား မူလတန်းအကြို သင်ယူရေးနှင့် တိုးတက်ရေး မူဘောင် (Victorian Early Years Learning and Development Framework)*။